သို့

SIYB Entrepreneurs များမင်္ဂလာပါ။

SIYB Myanmar မှ နှုတ်ခွန်းဆက်သအပ်ပါတယ်။

SIYB သည် မြန်မာနိုင်ငံတွင် ၂၀၁၄ ခုနှစ်မှ စတင်၍ စွန့်ဦးတီထွင်လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရန် ရည်ရွယ်၍ စီးပွားရေး စီမံခန့်ခွဲမှုနည်းပညာစနစ်တစ်ခု အဖြစ်စတင်ခဲ့ပြီး ယနေ့မြန်မာနိုင်ငံတဝှမ်းတွင် သင်တန်းနည်းပြ ၀ါးရာကျော်မှ အငယ်စား၊ အသေးစား၊ အလတ်စား၊ လက်လီစသည်ဖြင့် စီးပွားရေးလုပ်ငန်းစတင်လိုသူများ၊ လက်ရှိစီးပွားရေး ပိုမိုတိုးတက်အောင်ပြုလုပ်လိုသူ လုပ်ငန်းရှင်ပေါင်း(၂၅၀၀၀)ကျော်ကို အောင်မြင်စွာ ဤနည်းစနစ်အား မျှဝေပြီးဖြစ်ပါသည်။

ယခုအခါတွင် ဒေသတွင်းစီးပွားရေးလုပ်ငန်းများ ပိုမိုတိုးတက်အောင်မြင်စေရန် ရည်ရွယ်၍ SIYB Master Trainers, Trainers များ စုစည်းတည်ရှိရာ SIYB Myanmar မှ မိမိတို့၏ သင်တန်းဆရာ၊ဆရာမများနှင့် SIYB စီးပွားရေးစီမံခန့်ခွဲမှုနည်းစနစ်ကို ရရှိထားပြီးဖြစ်သော စီးပွားရေးလုပ်ငန်းရှင်များ အတူတကွပူးပေါင်းပါဝင်နိုင်မည့် “SIYB ENTREPRENEUR DAY - 2018” SIYB စွန့်ဦးတီထွင်သူများနေ့-(၂၀၁၈)ကို ကြီးကျယ်ခမ်းနားစွာဖြင့် မကွေးတိုင်းဒေသကြီး၊ မကွေးမြို့တွင် နိုဝင်ဘာလ (၁၆) နှင့် (၁၇) ရက်နေ့များ၌ ကျင်းပပါမည်။

ဤ SIYB စွန့်ဦးတီထွင်သူများနေ့-၂၀၁၈ (နိုဝင်ဘာ ၁၆-၁၇ ရက်များ)၌ လုပ်ငန်းရှင်အချင်းချင်းမိတ်ဆက်အစီအစဉ်များပြုလုပ်နိုင်မည့် SIYB ၏ အောင်မြင်သော Game များ၊ ကုန်စည်ပြပွဲအစီအစဉ်များ၊ စီးပွားရေးမိတ်ဖက်ရှာဖွေခြင်း အမြင်ဆွေးနွေးဖလှယ်ပွဲများ၊ စီးပွားရေးအကြံပေး အစီအစဉ်များ၊ “စိမ်းလန်းစိုပြေ မကွေးဌာနေ၊ ပလပ်စတစ်ကို “လျော့ကြပါစို့လေ” ဟူသော အစီအစဉ်၊ ဆုချီးမြှင့်အသိအမှတ်ပြုခြင်း အစီအစဉ်များကို ပြုလုပ်မည့်အပြင် မြန်မာနိုင်ငံတဝှမ်းမှ လုပ်ငန်းရှင်များ လာရောက်ပါဝင်ပြီး မိမိတို့၏ ထုတ်ကုန် ကုန်စည်များ၊ ဝန်ဆောင်မှုများကို ရောင်းချခြင်းများ စသည်ဖြင့် တမူထူးခြားကောင်းမွန်သော အစီအစဉ်ကောင်းများစွာပါဝင်ပါမည်။

တိုင်းဒေသကြီးအစိုးရအဖွဲ့၊ စက်မှုဝန်ကြီးဌာန၏ အသေးစားအလတ်စားစီးပွားရေးဌာန၊ ILO၏ စွန့်ဦးတီထွင်မှုနှင့် အသေးစား၊ အလတ်စား စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးရေးအထောက်အကူပြုစီမံကိန်း တို့မှ အသိအမှတ်ပြုပြီး SIYB ဝါရင့်ဆရာ၊ဆရာမများ၊ အသိအမှတ်ပြုဆရာ ဆရာမများ၊ SIYB သင်တန်းပြီးမြောက်ပြီးသော အနယ်နယ်အရပ်ရပ်ရှိ လုပ်ငန်းရှင်များ၊ ဒေသခံလုပ်ငန်းရှင်များ၊ မြန်မာနိုင်ငံစားသုံးသူအသင်း၊ မိတ်ဖက်အဖွဲ့အစည်းများ နှင့် စီးပွားရေးအခွင့်အလမ်းများကို မျှော်လင့်သောလုပ်ငန်းရှင်များ ပူးပေါင်းပါဝင်ပါသည်။

SIYB စွန့်ဦးတီထွင်သူများနေ့၏ ကုန်စည်ပြပွဲအစီအစဉ်တွင် မိမိတို့၏ ထုတ်ကုန် (သို့မဟုတ်) ဝန်ဆောင်မှုကို ရောင်းဝယ်ဖောက်ကားနိုင်ရန်အတွက် ဆိုင်ခန်းပေါင်း (၂၀၀ ) ကိုစီစဉ်ထားပါသည်။

ကုန်စည်များပြသရန် (၂)ရက်တိတိဖြစ်ပြီး ထိုအချိန်အတွင်း သင်တန်းဆရာများနှင့် SIYB သင်တန်းသားစီးပွားရေးလုပ်ငန်းရှင်များမှာ မိမိတို့၏ စီးပွားရေးဆိုင်ရာ ကျွမ်းကျင်မှုများအား မြှင့်တင်နိုင်မည့် အခွင့်လမ်းကောင်းနှင့် တိုးချဲ့ဆောင်ရွက်နိုင်မည့် လူမှုဝန်းကျင်ကောင်းများလည်း ဖန်တီးလုပ်ဆောင်နိုင်မည် ဖြစ်ပါသည်။

စွန့်ဦးတီထွင်သူများနေ့တွင် လူဦးရေ ၄၀၀ ကျော်ခန့်ရှိသော သင်တန်းဆရာ ဆရာမများ၊ လုပ်ငန်းရှင်များနှင့် မိတ်ဖက်အဖွဲ့အစည်းများ လာရောက်မည်ဟု မျှော်မှန်းပါသည်။ ဒေသခံများ၏ လာရောက် အားပေးမှု အားကောင်းခြင်းလည်း ရှိပါမည်။ မှန်းခြေအားဖြင့် တစ်ရက်လျှင်ဒေသခံ ၁၅၀၀ ကျော် လာရောက်မည်ဟု မျှော်မှန်းပါသည်။

ထို့ကြောင့် လူကြီးမင်း အနေဖြင့် ပါဝင်ဆင်နွှဲနိုင်ရန် ပွဲဖြစ်မြောက်ရေးစီစဉ်သူအဖွဲ့မှ ဂုဏ်ယူဝမ်းမြောက်စွာဖြင့် အသိပေး ဖိတ်ခေါ်ပါသည်။

( နိုဝင်ဘာ ၁၆၊ ၁၇ ) (၂) ရက်တာ အတွက် ဆိုင်ခန်းခ ငှားရမ်းခများမှာ အောက်ပါအတိုင်းဖြစ်ပါသည်။
Category One:
Location: Main Road
Size: 9m x 9m
One table
Two Chairs
One electricity socket
Price= MMK 120,000

Category Two:
Location: Side Road
Size: 9m x 9m
One table
Two Chairs
One electricity socket
Price= MMK 100,000

Category Three:
Location: Back Road
Size: 9m x 9m
One table
Two Chairs
One electricity socket
Price= MMK 60,000

အထက်ဖော်ပြပါ ဆိုင်ခန်းအမျိုးအစားများမှ မိမိနှစ်သက်ရာ ဆိုင်ခန်းအား ရွေးချယ်၍ ပါဝင်ပြသခွင့်စာရင်း Registration ဦးစွာတင်သွင်းရပါမည်။ ယခု email နှင့်တွဲလျက်ပါရှိသော ပုံစံ form တွင် ဖြည့်စွက်၍ siybplatform@gmail.com အား email ပေးပို့၍ စာရင်းသွင်းလျှောက်ထားရပါမည်။ ဆိုင်ခန်းများမှာ ဦးရာလူစနစ်ဖြစ်ပါ၍ မိမိပါဝင်ခွင့် ရရှိမှုအခြေအနေအား အကြောင်းပြန်ပေးပါမည်။ ဆိုင်ခန်း register လုပ်ရန် နောက်ဆုံးရက်မှာ ၂၀၁၈ခုနှစ် စက်တင်ဘာလ ၂၆-ရက် ညနေ ၅နာရီ အထိသာဖြစ်ပါသည်။ ပါဝင်ခွင့်ရရှိသူများအား ဘဏ်အချက်အလက်များ အသေးစိတ်ဖြင့် ပြန်လည် အကြောင်းကြားပေးမည် ဖြစ်ပြီး ဆိုင်ခန်းခငွေသွင်းရန် အောက်တိုဘာလ ၃-ရက်၊၂၀၁၈ ညနေ ၅-နာရီ နောက်ဆုံးထားပေးသွင်းမှသာ စိတ်ချစွာ နေရာယူနိုင်ပါမည်။ သတ်မှတ်ရက်ကျော်လွန်ပါက ကျန်နေသူများအား အစားဖြည့် ဆောင်ရွက်သွားမည်ဖြစ်ပါသည်။ ထို့အပြင် လုပ်ငန်းရှင်များ အနေဖြင့် တစ်ဦးချင်းသော်လည်းကောင်း၊ မိမိမိတ်ဆွေနှင့်သော်လည်းကောင်း စပွန်ဆာအနေဖြင့် ပါဝင်နိုင်ရန် စီစဥ်ပေးထားပါသည်။
စပွန်ဆာပေးနိုင်သော အရာများ နှင့် အကျိုးခံစားခွင့်များမှာ အောက်ပါအတိုင်းဖြစ်ပါသည်။

(1)Sound System: MMK 400,000
Benefit: Logo on backdrop and photo booths

(2) Green Roof: MMK 1,000,000
Benefit : Logo on backdrop and photo booths

(3) Backdrop for stage : MMK 1,000,000
Benefit : Logo on backdrop and photo booths

(4) Presents for invited guests: MMK 600,000
Benefit : Logo on backdrop and photo booths

(5) Fire Brigade: MMK 200,000
Benefit : Logo on backdrop and photo booths

(6) Gates: MMK 2,500,000
Benefit : Logo on Gates, backdrop and photo booths

(7) Billboard: MMK 1,000,000
Benefit : Logo on billboard, backdrop and photo booths

(8) Refreshment for opening ceremony: MMK 300,000 or in kind
Benefit: Logo on backdrop and photo booths

(9) Vinyl to be hung at all designated locations, including the streets: MMK 1,500,000
Benefit: Vinyl, photo booths

(10) Awards: MMK 1,000,000
Benefit: Name, product, company will be announced during the trade show and logo at photo booth.

(11) Ads (boosting on fb): MMK 2,000,000
Benefit: Logo on facebook interface while we boost.

(12) Business Fortune Teller/ Business Doctor Booths: MMK 800,000
Benefits: Logo on Business Fortune Teller's Booths, backdrop and photo booths

မိမိ နှစ်သက်ရာ စပွန်ဆာအမျိုးအစားကို စာရင်းပေးရမည့်နောက်ဆုံးရက်မှာ- (စက်တင်ဘာ ၂၆ရက်၊ ၂၀၁၈) ဖြစ်ပြီး siybplatform@gmail.com သို့ ပေးပို့ရပါမည်။

**မှတ်ချက်။**
**စပွန်ဆာအဖြစ်ပါဝင်နိုင်ရန် အတည်ပြုပြီးပါက ဆက်လက်လုပ်ဆောင်ရမည့်လိုအပ်ချက်များကို အသေးစိတ် ဆက်လက်အကြောင်းကြားပေးပါမည်။ ပေးသွင်းရမည့်ဘဏ်စာရင်းကို ထိုအချိန်တွင် အကြောင်းကြားပေးပါမည်။ ဦးရာစနစ်ဖြစ်ပါသဖြင့် အမြန်ရွေးချယ် အကြောင်းပြန်ရန် လိုအပ်ပါသည်။**

အောက်ဖေါ်ပြပါ ပွဲဖြစ်မြောက်ရေး စီစဉ်သူများအား အချိန်မရွေးဆက်သွယ်၍ သိလိုသည်များကို အသေးစိတ်မေးမြန်းနိုင်ပါသည်။

SIYB Master Trainer Daw Ni Mya Si @ Jenny Lao : 09-265016393
SIYB Master Trainer Daw Myint Myint Sein @ Minty : 09-421157936
SIYB Master Trainer Daw Phyo Zar Zar Maung : 09-448008459
SIYB Master Trainer Daw Htay Yin Win : 09-5341150

လူကြီးမင်း၏ ပူးပေါင်းပါဝင်မှုကို စိတ်ပါဝင်စား စောင့်မျှော်လျက်
လေးစားစွာဖြင့်
Ni Mya Si @ Dr. Jenny Lao
CEO, SIYB Myanmar